# အမှာစာ

ဤစာအုပ်မှာ ကျွန်ုပ်တို့စာအုပ်တိုက်မှ ယခင်ထုတ်ဝေခဲ့သည့် **ကလေးများအတွက် သုတရတနာသိုက်** စာအုပ်တွဲများ၏ အဆက်ဟု ဆိုချင်ပါသည်။ ဤစာအုပ်ပါ တချို့အကြောင်းအရာများသည် ယခင် သုတရတနာသိုက်ပါ အကြောင်းအရာများနှင့် တူညီနေသော်လည်း အဆင့်ကွဲသည်ကို သတိပြုမိစေချင်ပါသည်။ တချို့အကြောင်းအရာများမှာမူ ယခင် သုတရတနာသိုက်စာအုပ်များတွင် လုံးဝ ပါဝင်ခြင်းမရှိသေးသည့် အကြောင်းအရာများ ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ပညာရေးစနစ် ပြုပြင်ပြောင်းလဲနေပါသည်။ ယခင်က အလွတ်ကျက် အလွတ်မှတ် ပညာရေးစနစ်မှသည် ဉာဏ်ဖြင့်ယှဉ်သော၊ စဉ်းစားတွေးခေါ်မြော်မြင်မှုကို အခြေခံသော ပညာရေးစနစ်သို့ ပြောင်းရန် ကြိုးစားနေပါသည်။ စာသင်ကျောင်းဟူသည် ပျင်းရိခြောက်သွေ့ဖွယ်ကောင်းသော အရပ်မှသည် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော အရပ်အဖြစ်သို့ ပြောင်းလဲရန် လိုပါသည်။ သို့မှသာ ကျောင်းနေပျော်၍ စာတော်သော ကလေးငယ်များ ဖြစ်လာပါမည်။

ဤစာအုပ်တွင် အခန်း(၄)ခန်း ပါရှိပါသည်။

**အခန်း (၁) စကြာဝဠာနှင့်နေအဖွဲ့အစည်း** တွင် ကျွန်ုပ်တို့နေထိုင်ရာ စကြာဝဠာကြီးနှင့် နေအဖွဲ့အစည်းအတွင်းရှိ နေနှင့် ဂြိုလ်များအကြောင်း ဖြစ်ပါသည်။

**အခန်း (၂) ချစ်သောဤမြေကမ္ဘာ** တွင် ကမ္ဘာမြေကြီးအကြောင်းကို ဖော်ပြထားပါသည်။ ကမ္ဘာကြီးကို ဖွဲ့စည်းထားသည့် ကျောက်များအကြောင်း၊ တွင်းထွက်ပစ္စည်းများ၊ သတ္တုများနှင့် ကမ္ဘာပေါ်တွင် လူသားဟူ၍ မပေါ်ထွန်းမီက ကျင်လည်ကျက်စားခဲ့သော သတ္တဝါကြီးများအကြောင်း ပါဝင်ပါသည်။

**အခန်း (၃) သင့်ခန္ဓာကိုယ်အကြောင်း**တွင် သင့်ခန္ဓာကိုယ်အတွင်းရှိ အရိုးများအကြောင်း၊ ကြွက်သားများအကြောင်း၊ ဦးနှောက်နှင့် မျက်လုံးအကြောင်း၊ သွေးလည်ပတ်မှုစနစ်၊ အစာခြေစနစ်အကြောင်း စတာတွေ ပါဝင်ပါသည်။

**အခန်း (၄) အထွေထွေ**တွင် အသီး၊ အစေ့၊ ဥ အစားအစာအကြောင်းများ ပါဝင်ပါသည်။ သို့သော် တစ်ခု သတိပေးလိုသည်မှာ ဤစာအုပ်ပါ အကြောင်းအရာများသည် ပညာရပ်ဆိုင်ရာ ကျမ်းကြီးကျမ်းခိုင်များ မဟုတ်ပါဆိုသည့် အချက်ဖြစ်သည်။ ကလေးလူငယ်များ၏ ပညာလိုလားစိတ်ကို နှိုးဆွပေးထားသော အကြောင်းအရာများသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပညာရပ်နယ်ပယ်ကြီးကို ချောင်းကြည့်သော ချောင်းကြည့်ပေါက်ကလေးများသာဖြစ်ပါသည်။

သည်ချောင်းကြည့်ပေါက်ကလေးများမှတစ်ဆင့် အလွန်တရာကျယ်ပြောသော ပညာရပ်နယ်ပယ်ကို မြင်တွေ့စေလိုသော ဆန္ဒမွန်ဖြင့် ဤစာအုပ်ကို ထုတ်ဝေခြင်းဖြစ်ပါသည်။ ငယ်စဉ်က ဖတ်ခဲ့ရဖူးသော စာအုပ်တိုက်တစ်တိုက်၏ ဆောင်ပုဒ်အတိုင်း "ပညာပြည့်ဝ နှလုံးလှသော လူငယ်လူရွယ်များ ဖြစ်ကြပါစေ" ဟု ဆုမွန်ခြွေအပ်ပါသတည်း။

**ပဒုမ်စာတည်းအဖွဲ့**

# မာတိကာ


**အမှာစာ** ၇

## အခန်း(၁)
## စကြာဝဠာနှင့် နေအဖွဲ့အစည်း

ညဥ့်လွှာရံ ၁၀
ရထားယာဉ်သာ နေစကြာ ၁၅
နက္ခတ်ပွဲသဘင် ၂၀
ဂြိုလ်မွှေတဲ့ ကိုစနေ ၂၅

## အခန်း(၂)
## ချစ်သောဤမြေကမ္ဘာ

ကျွန်ုပ်တို့နေထိုင်ရာ မြေကမ္ဘာ ၃၂
ကျောက်သားကျောက်ဆိုင် ကြံ့ကြံ့ခိုင် ၃၇
သတ္တုကမ္ဘာ ၄၂
စိန်နားကပ်ရောင်ကြောင့် ပါးပြောင် ၄၇
ကမ္ဘာဦးသတ္တဝါများ ၅၂
အမွဲထိပ်ခေါင် ဖွတ်မင်းနောင် ၅၇

## အခန်း(၃)
## သင့်ခန္ဓာကိုယ်အကြောင်း

ကမ္ဘာ့စွမ်းရည်အမြင့်ဆုံး စက်တစ်လုံး ၆၄
အစားအစာ ကြိတ်ချေတဲ့စက် ၆၉
အရိုးပဒေသာ ၇၄
မြရည်ကြောစိမ်း လဲ့လဲ့စိမ်းမျှ ၇၉
ချစ်ရည်ရွှန်းတဲ့ မျက်ဝန်းလဲ့ပြာပြာ ၈၄
ကြွက်သားအစုစုတွေက ထုထုပြီး ခရာချင်စရာ ၈၉

## အခန်း(၄)
## အထွေထွေ

ခိုးစားတဲ့အသီး ၉၆
မျိုးစေ့မမှန် ပင်မသန် ၁၀၁
ဥခွံကိုဖောက်ထွက်၍ ၁၀၆
အစားတစ်လုပ် မုန့်တစ်ဖဲ့ ၁၁၁